OREGON DEPARTMENT OF REVENUE

# လူမျိုးနှင့်လူမျိုးစုကို မိမိဆန္ဒအရ ကိုယ်တိုင်ဖော်ထုတ်ခြင်း

အခွန်ဆောင်သူတစ်ဦးသည် ၎င်း၏ ကိုယ်ပိုင်ဝင်ငွေခွန် ပြန်လည်အပ်နှံသောအခါတွင် ၎င်းတို့၏ လူမျိုးနှင့် လူမျိုးစုဆိုင်ရာ အချက်အလက်များကို Oregon Department of Revenue သို့ ပေးဆောင်ရန် ရွေးချယ်နိုင်သော 2025 ခုနှစ် ဇန်နဝါရီလတွင် စတင်သည့် လုပ်ငန်းစဉ်တစ်ခု။

## ၎င်းမှာအဘယ်နည်း။

အခွန်ဆောင်သူတစ်ဦးသည် ၎င်းတို့၏ လူမျိုးနှင့် လူမျိုးစု ဆိုင်ရာ အချက်အလက်များကို Oregon Department of Revenue သို့ ပေးအပ်ရန် ရွေးချယ်သောအခါ ၎င်းသည် မိမိကိုယ်ကို သက်သေခံခြင်းဖြစ်ပါသည်။

အချက်အလက်ကို ပေးဆောင်ရန် အခွန်ဆောင်သူများသည် Oregon ဝင်ငွေခွန်ပြန်တမ်းတွင်ပါရှိသော သီးခြားပုံစံကို အသုံးပြုသည်။ ပြန်လည်ဖြည့်သွင်းရန် လိုအပ်ချက် မရှိသူများ သည် Revenue Online တွင် သီးခြားလျှောက်လွှာတစ်စုံ တင်သွင်း နိုင်ပါသည်။

## ကျွန်ုပ်တို့ အဘယ်ကြောင့် မေးမြန်းရသနည်း။

လူမျိုးနှင့် လူမျိုးစုဆိုင်ရာ မေးခွန်းများအတွက် သင်၏ အဖြေများသည် အခွန်မူဝါဒ၌ မညီမျှမှုများကို စစ်ဆေးရာတွင် ပြည်နယ်စီးပွားရေးပညာရှင်များနှင့် သုတေသီများကို အထောက်အကူပြုမည်ဖြစ်သည်။ ၎င်းတို့၏ သုတေသနသည် လက်ရှိနှင့် အနာဂတ်အခွန်မူဝါဒ ဆွေးနွေးမှုများအတွက် အချက်အလက်များပေးခြင်းဖြင့်အကျိုးပြုမည်ဖြစ်သည်။

Oregon ပြည်နယ်တစ်ခုလုံးရှိ အခွန်ဆောင်သူများ၏ ပါဝင်မှုသည် အရေးကြီးပါ သည်။ ၎င်းတို့၏ လူမျိုးနှင့် လူမျိုးစုဆိုင်ရာ အချက်အလက်ကို ဖော်ထုတ်ရန် ရွေးချယ်သော အခွန်ဆောင်သူများလေ သုတေသန အချက်အလက်များ ပိုမိုတိကျလေဖြစ်သည်။

## သင် ဆုံးဖြတ်ချက် ချရပါမည်။

လူမျိုးနှင့် လူမျိုးစုဆိုင်ရာ မေးခွန်းများကို ဖြေဆိုလိုခြင်း ရှိ မရှိသည် သင့်အပေါ်တွင် မူတည်ပါသည်။ အဆိုပါလျှောက်လွှာသည် ဆန္ဒအလျောက်သာ ဖြစ်ပါသည်။ လူမျိုးနှင့် လူမျိုးစုဆိုင်ရာ မေးခွန်းများကို ဖြေဆိုရန် မလိုအပ်ပါ။

Oregon Department of Revenue သည် သင့်နှင့် အခြား Oregon ပြည်နယ်သားအားလုံးကို ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှု ပေးနိုင်စေရန် ဤမေးခွန်းများကို သင် ဖြေကြားလိမ့်မည်ဟု မျှော်လင့်ပါသည်။

## ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာလျှို့ဝှက်ချက်ကို မည်သို့ ကာကွယ်ပေးမည်နည်း။

လူမျိုးနှင့် လူမျိုးစုဆိုင်ရာ မေးခွန်းများကို လူတိုင်း လုံခြုံ စိတ်ချစွာ ဖြေဆိုစေလိုပါသည်။ သင့်အချက်အလက်ကို လုံးဝ လျှို့ဝှက်ထားပြီး လုံခြုံအောင် ကာကွယ်ထားပါသည်။

ကျွန်ုပ်တို့သည် သင့်အချက်အလက်များကို လုံခြုံအောင် ထားမည်ဖြစ်ပြီး အခွင့်ရှိသူများသာ ၎င်းကို ဝင်ရောက် ကြည့်ရှုနိုင်မည်ဖြစ်သည်။ သင့်အချက်အလက်များကို အခြား ရည်ရွယ်ချက်များအတွက် အသုံးပြုမည်မဟုတ်ပါ။ သင်၏ လူမျိုးနှင့် လူမျိုးစုဆိုင်ရာအချက်အလက်များတွင် သင့်အမည်၊ လိပ်စာ သို့မဟုတ် ဖုန်းနံပါတ်ကဲ့သို့သော မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားသိမြင်နိုင်သည့် အချက်အလက်များ မပါဝင်ပါ။

အခွန်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ဆော့ဖ်ဝဲကုမ္ပဏီများသည် သင်၏ ပြန်လည်ပေးပို့မှုကို ဖြည့်သွင်းရာ တွင် ကူညီရန်အတွက်သာ သင့်အချက်အလက်များကို အသုံးပြုမည်ဖြစ်သည်။

သင်၏ အချက်အလက်များကို ပြည်တွင်းအခွန်ဝန်ဆောင်မှု (Internal Revenue Service, IRS) များနှင့် မျှဝေမည်မဟုတ်ပါ။

**ဤစာရွက်စာတမ်းကို အခြားဘာသာစကားများ၊ ပုံနှိပ်စာများ၊ မျက်မမြင်စာ သို့မဟုတ် သင်နှစ်သက်သောပုံစံဖြင့် အခမဲ့ ရယူ နိုင်ပါသည်။ သင်၏ တောင်းဆိုချက်အတွက် dor.comms@dor.oregon.gov ကို ဆက်သွယ်ပါ။**


**ကျွန်ုပ်တို့ကို ဆက်သွယ်ရန်**

1-800-356-4222 www.oregon.gov/dor


COMM_VSI_BURMESE